# စက်မှုဝန်ကြီးဌာန
## စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန
## နည်းပညာနှင့်ဈေးကွက်မြှင့်တင်ရေးဌာန

## အုန်းသီးမှ တန်ဖိုးမြှင့်လက်မှုနည်းပညာ လူသုံးကုန်ပစ္စည်း ထုတ်လုပ်သည့် သင်တန်းပို့ချခဲ့ခြင်းနှင့် အစီရင်ခံစာ

### နိဒါန်း

၁။ စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနသည် မြန်မာနိုင်ငံရှိ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်ပံ့ပိုးခြင်းများ ဆောင်ရွက်ရာတွင် အရည်အသွေးပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များပေါ်ထွက်လာရေးအတွက် Capacity Building သင်တန်းများပို့ချခြင်း၊ ဈေးကွက်ရှာဖွေခြင်းနှင့် ဈေးကွက်အထောက်အကူပြုသင်တန်းများဖွင့်လှစ်ခြင်း၊ ငွေကြေးအရင်းအနှီးများရရှိနိုင်ရေး ထောက်ခံဆောင်ရွက်ခြင်းနှင့် အရည်အသွေးမီ ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး နည်းပညာပံ့ပိုးပေးသည့် အစီအစဉ်များကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ မြန်မာနိုင်ငံ ပြည်နယ်နှင့်တိုင်းဒေသကြီး ၉ ခုတွင် အုန်းပင်ပေါင်း သိန်း (၄၀) ကျော်ရှိ၍ အုန်းသီးကို အခြေပြုလျက် စားသောက်ကုန်များ၊ လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်လာနိုင်ခြင်း၊ အုန်းသီးကုန်ထုတ်လုပ်ငန်းငယ်လေးများအနေဖြင့် Export အဆင့်မီ Value-added ထုတ်ကုန်များ ထုတ်လုပ်လာစေခြင်း၊ ကျေးလက်နေပြည်သူများ ဝင်ငွေတိုးတက်ရရှိစေခြင်း၊ အုန်းသီး Supply Chain ကောင်းမွန်ရေးအတွက် အုန်းမျိုးသစ်များ ဆက်လက်စိုက်ပျိုး၍ စဉ်ဆက်မပြတ် ထုတ်လုပ်သွားနိုင်ခြင်းတို့အတွက် စက်မှုဝန်ကြီးဌာနအတွင်း Coconut Development အဖွဲ့ကို ဖွဲ့စည်း၍ အုန်းသီးကဏ္ဍမြှင့်တင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

၃။ သို့ဖြစ်၍ အုန်းသီးအခြေခံ အလှကုန်၊ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများထုတ်လုပ်သည့်နည်းပညာများအား အုန်းသီးအများအပြားထွက်ရှိရာ ပြည်နယ်နှင့် တိုင်းဒေသကြီး ၉ ခုရှိ အုန်းသီးအခြေခံ SME လုပ်ငန်းငယ်များသို့ နည်းပညာဖြန့်ဝေပေးနိုင်ရေးအတွက် တာဝန်ရှိသူများသည် မြန်မာနိုင်ငံ အုန်းသီးစိုက်ပျိုးထုတ်လုပ်ရောင်းချသူများအဖွဲ့ (MCPTG) နှင့် (၇.၇.၂၀၁၇) ရက်နေ့တွင် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီး အုန်းသီးမှ တန်ဖိုးမြှင့်လက်မှုနည်းပညာ လူသုံးကုန်ပစ္စည်းထုတ်လုပ်သည့် သင်တန်းကို ပထမအကြိမ်ဖွင့်လှစ်ပို့ချခဲ့ခြင်းဖြစ်ပါသည်။

### ရည်ရွယ်ချက်

၄။ အုန်းသီးထုတ်ကုန်များ ထုတ်လုပ်လျက်ရှိသည့် SME လုပ်ငန်းများအနေဖြင့် ဈေးကွက်အတွင်းယှဉ်ပြိုင်နိုင်စွမ်းရှိသည့် အရည်အသွေးမီ Value-added အုန်းသီးထုတ်ကုန်သစ်များ

စဉ်ဆက်မပြတ်ထုတ်လုပ်လာနိုင်ပြီး ဝင်ငွေတိုးတက်ရရှိကာ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ပါသည်။

## နည်းပညာသင်တန်းဖွင့်လှစ်ခြင်း

၅။ အုန်းသီးမှ တန်ဖိုးမြင့် လက်မှုနည်းပညာလူသုံးကုန်ပစ္စည်းများ ထုတ်လုပ်သည့် သင်တန်းကို **မြန်မာနိုင်ငံ အုန်းသီးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၏ပူးပေါင်းကူညီပံ့ပိုးမှုဖြင့် (၃၁.၇.၂၀၁၇) ရက်နေ့မှ (၄.၈.၂၀၁၇) ရက်နေ့အထိ (၅) ရက်ကြာ Incubation Center ၊ အမှတ်(၅)၊ သလ္လာဝတီလမ်း၊ ရန်ကုန်မြို့၌** ကျင်းပပြုလုပ်ခဲ့ပါသည်။

၆။ **သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ အောက်ပါပုဂ္ဂိုလ်များ တက်ရောက်ကြပါသည်-**

| | | |
|---|---|---|
| (က) | ဦးခင်မောင်ကျော် | - အဖွဲ့ဝင်၊ အသေးစားနှင့်အလတ်စားစီးပွားရေး လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ |
| (ခ) | ဒေါ်အေးအေးဝင်း | - ညွှန်ကြားရေးမှူးချုပ်၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ ဥက္ကဋ္ဌ၊ Coconut Development အဖွဲ့ |
| (ဂ) | ဦးမျိုးဝင်း | - ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအုန်းသီးစိုက်ပျိုးထုတ်လုပ်သူများအသင်း |
| (ဃ) | ဒေါ်စန်းစန်းဟန် | - အတွင်းရေးမှူး၊ မြန်မာနိုင်ငံအုန်းသီးစိုက်ပျိုးထုတ်လုပ်သူများအသင်း |
| (င) | ဒေါ်ရီရီခိုင် | - ညွှန်ကြားရေးမှူး၊ ရင်းနှီးမြှုပ်နှံမှုနှင့် လုပ်ငန်းညှိနှိုင်းရေးဌာန |
| (စ) | ဦးသိန်းဆွေ | - ဒုတိယညွှန်ကြားရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီး၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန |
| (ဆ) | ဒေါ်ခင်သော်တာဝင်း | - ဒုတိယညွှန်ကြားရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီး၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန |
| (ဇ) | ဦးဇေယျာမိုး | - လက်ထောက်ညွှန်ကြားရေးမှူး၊ နည်းပညာနှင့် ဈေးကွက်မြှင့်တင်ရေးဌာန |
| (ဈ) | ဦးတင်ကိုကိုဆွေ | - လက်ထောက်ညွှန်ကြားရေးမှူး၊ ရန်ကုန်တိုင်း ဒေသကြီး၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာန |

(ည) ဒေါ်ကြည်လင်းခိုင် - လက်ထောက်ညွှန်ကြားရေးမှူး၊ မူဝါဒနှင့် ပြည်ပရေးရာဌာန

(ဋ) ဦးစိုးဝေလင်း - သင်တန်းနည်းပြဆရာ

(ဌ) ဦးကျော်ဇေ - သင်တန်းနည်းပြဆရာ

(ဍ) ဦးသန်းထိုက်စိုး - သင်တန်းနည်းပြဆရာ

(ဎ) ဦးအောင်ဝင်း - သင်တန်းနည်းပြဆရာ

(ဏ) သင်တန်းသား/ သင်တန်းသူ - ပြည်နယ်နှင့် တိုင်းဒေသကြီး SME ဌာနများမှ ဝန်ထမ်း (၁၁) ဦးနှင့် SME လုပ်ငန်းရှင်(၁၈) ဦး

၇။ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ ၊ အဖွဲ့ဝင် ဦးခင်မောင်ကျော်မှ အမှာစကားပြောကြားရာတွင် ထိုင်ဝမ်လုပ်ငန်းရှင်များသည် မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်လိုကြကြောင်း၊ စိုက်ပျိုးရေးထွက်ကုန်များမှ Value-added ထုတ်ကုန်များထုတ်လုပ်ရန်လိုအပ်ကြောင်း၊ မြန်မာနိုင်ငံတွင် အုန်းသီးများ များစွာအလေအလွင့်ဖြစ်နေကြောင်း၊ နည်းပညာများစနစ်တကျပေးအပ်နိုင်ပါက အုန်းခွံမှ မြေဆွေးထုတ်လုပ်ခြင်း၊ Coco Virgin Oil ထုတ်လုပ်ခြင်းနှင့် Plywood တို့ကိုထုတ်လုပ်နိုင်ပြီး ဝင်ငွေတိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့အပြင် Mass Production ထုတ်လုပ်နိုင်ရန် အုန်းပင် စိုက်ပျိုးခြင်းနည်းပညာလိုအပ်ကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် စိတ်ဝင်စားရန်လိုအပ်ကြောင်း၊ ၎င်းတို့အား Guide Line ချပေးရန်လိုအပ်ပြီး Home Industry ကို ဦးတည်ရန်လိုအပ်ကြောင်း တို့ကိုမှာကြားပါသည်။




အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီအဖွဲ့ဝင် ဦးခင်မောင်ကျော်မှ သင်တန်းဖွင့်ပွဲ အမှာစကားပြောကြားခြင်း

၈။ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါ်အေးအေးဝင်းမှ မိမိတို့ဌာနအနေဖြင့် SME များဖွံ့ဖြိုးတိုးတက်ရေးအတွက် HRD မြှင့်တင်ခြင်း၊ နည်းပညာဖြန့်ဝေခြင်း၊ ဈေးကွက်ချဲ့ထွင်စေခြင်းနှင့် ငွေကြေးကဏ္ဍတို့တွင် ပံ့ပိုးလျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် စံချိန်၊ စံညွှန်းနှင့် နည်းပညာပိုင်းအားနည်းနေခြင်းကြောင့် စတင်စိုက်ပျိုးမှုထုတ်လုပ်မှုမှ ဈေးကွက်အထိ Supply Chain တလျှောက် နည်းပညာပံ့ပိုးပေးရန်လိုအပ်နေကြောင်း၊ IP Law လိုအပ်ချက်များနှင့် Stakeholder များအားလုံး ပူးပေါင်းဆောင်ရွက်ရန်လိုအပ်နေကြောင်း၊ ယခင်နှစ်များတွင် မိမိတို့ဌာနမှ ကော်ဖီ၊ လက်ဖက် Supply Chain တလျှောက် နည်းပညာပံ့ပိုးခဲ့မှုကြောင့် Export Market ရရှိခဲ့ပြီး လုပ်ငန်းအောင်မြင်လာခြင်းကြောင့် SME များအနေဖြင့် ဘဏ်များ၏ယုံကြည်မှု ရရှိလာကာ ချေးငွေများလွယ်ကူစွာရရှိခဲ့ကြောင်း၊ သို့ဖြစ်၍ လုပ်ငန်းရှင်များအနေဖြင့် Capacity နှင့် အသိပညာများရရှိအောင်ကြိုးစားဆောင်ရွက်လျက် အုန်းပင်၊ အုန်းသီးမှ လူသုံးကုန်၊ အစားအသောက်၊ လက်မှုပစ္စည်းထုတ်လုပ်နိုင်မှု အရည်အသွေးများတိုးတက်အောင် ဝိုင်းဝန်းဆောင်ရွက်ကြရန် ပြောကြားခဲ့ပါသည်။




စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်
ဒေါ်အေးအေးဝင်းမှ သင်တန်းဖွင့်ပွဲ အမှာစကားပြောကြားခြင်း

၉။ ထို့နောက် မြန်မာနိုင်ငံအုန်းသီးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဥက္ကဋ္ဌ ဦးမျိုးဝင်းမှ မြန်မာနိုင်ငံတွင် အုန်းသီးစိုက် ဧက (၁၆,၀၀၀) ကျော်ရှိကြောင်း၊ အုန်းသီးတစ်လုံးဖြစ်ရန် (၁၁) လကြာ အချိန်ယူရကြောင်း၊ အုန်းသီးတွင် ဂလူးကို့စ်ဓါတ်ပါဝင်ကြောင်း၊ Export တင်နိုင်ရေး ဆောင်ရွက်သောအခါ Mass Production အတွက် ကုန်ကြမ်းလိုသလောက်မရကြောင်း၊ မိရိုးဖလာနည်းစနစ်ထက် ခေတ်မီနည်းစနစ်ဖြစ်သည့် ပင်ကြား၊ တန်းကြား (၂၅'x ၃၀') ပေဖြင့် မျိုးကောင်းမျိုးသန့် (၅ နှစ်အတွင်းသီးသည့်) အုန်းပင်များစိုက်ပျိုးရန်လိုအပ်ကြောင်း၊ အုန်းပင်ငယ်ရွယ်စဉ်တွင်

ဌက်ပျောပင်ကြားညှပ်စိုက်ပျိုးနိုင်သကဲ့သို့ အုန်းသီးသီးလာချိန်တွင် ငရုပ်ကောင်းကြားထည့်စိုက်၍ ရကြောင်း၊ မိမိတို့အသင်းသည် ရခိုင်ပြည်နယ်တွင် ယခုအခါ အုန်းပင်စတင်စမ်းသပ်စိုက်ပျိုးနေပြီးဖြစ်ကြောင်း၊ အုန်းသီး၊ အုန်းပင်မှ ကော်စမတ်တစ်၊ ခရင်မ်စသည့် လူသုံးကုန်ပစ္စည်းများ၊ မီးဆိုင်း၊ အလှသုံးအရုပ်စသည့် ဟိုတယ်နှင့် နိုင်ငံခြားသားများသို့ ရောင်းချနိုင်သော Hand Made လက်မှုပစ္စည်းများနှင့် အိမ်ဆောက်ရာတွင် အသုံးပြုသည့် Ply Wood များ၊ အုန်းဆံကြိုးများ၊ ကူရှင်အတွင်းခံပစ္စည်းများ၊ အုန်းခွံမှ သဘာဝမြေသြဇာများနှင့် အုန်းမှုန့် 1 kg သည် ရေဓါတ် (၁၅) လီတာကို စုပ်ယူနိုင်သည်ဖြစ်ရာ Moistrue စုပ်ယူအသုံးပြုနိုင်သည်တို့ကို ရှင်းလင်းပြောကြားပါသည်။




မြန်မာနိုင်ငံအုန်းသီးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ
ဦးမျိုးဝင်းမှ သင်တန်းဖွင့်ပွဲ အမှာစကားပြောကြားခြင်း

## သင်ကြားပို့ချမှုအကြောင်းအရာများ

၁၀။ အုန်းသီးမှ လက်မှုနည်းပညာလူသုံးကုန်ပစ္စည်း ထုတ်လုပ်မှုသင်တန်းတွင် အောက်ပါအတိုင်း အပိုင်း (၄) ပိုင်း ပို့ချခဲ့ပါသည်-

(က) အခြေခံပုံဆွဲနည်းပညာ

(ခ) အုန်းသီးလက်မှုပစ္စည်းကုန်ချောထုတ်လုပ်မှု လက်တွေ့ပို့ချခြင်း


(ဂ) ကုန်ချောပစ္စည်းများအား အရောင်တင်ခြင်း

(ဃ) ဈေးကွက်အလားအလာ

## ၁၁။ **အခြေခံပုံဆွဲနည်းပညာ**

အုန်းသီးမှ လက်မှုနည်းပညာ လူသုံးကုန်ပစ္စည်း ထုတ်လုပ်မှုသည် Creative Idea များဖြင့် အနုပညာကို ဖန်တီးပုံဖော်သောလုပ်ငန်းဖြစ်သဖြင့် ပုံဆွဲနည်းပညာဖြင့် ပုံကြွအောင်ဖန်တီးနိုင်မှုသည် လွန်စွာအရေးကြီးသည်ကို တွေ့ရှိရပါသည်။ လက်မှုအတတ်ရုပ်လုံးပုံဖော်ခြင်းဆိုင်ရာ အခြေခံရေးဆွဲနည်းတွင် မြန်မာပန်းချီပညာနှင့် အပြည်ပြည်ဆိုင်ရာပန်းချီပညာဟူ၍ နှစ်မျိုးရှိပါသည်။

* **မြန်မာရိုးရာ ပန်းချီကောက်ကြောင်းပန်းချီပညာ**



ဥပမာ- ကနုတ်ပန်းများပုံဖော်ရေးဆွဲခြင်း

* **အပြည်ပြည်ဆိုင်ရာ မျဉ်းကြောင်းများကို အခြေခံ၍ ရေးဆွဲသော ပန်းချီပညာ**

**(က) မျဉ်းဖြောင့်များရေးဆွဲခြင်း**

မျဉ်းအထူ


ဥပမာ- ဆင်၊ ကျား စသောအားကြီးသော ကိစ္စရပ်များတွင် ရေးဆွဲခြင်း

မျဉ်းအပါး

ဥပမာ- ပန်းပွင့်များရေးဆွဲခြင်း


မျဉ်းအထူ/ အပါး

ဥပမာ- မျက်ခုံးမွေးပုံများရေးဆွဲခြင်း




ဥပမာ- ရေသန့်ဘူးပုံရေးဆွဲမည်ဆိုပါက ထောင့်မှန်စတုဂံကို အခြေယူ၍ အသုံးပြုခြင်း


**(ခ) မျဉ်းကွေးနှင့် မျဉ်းကောက်များ ရေးဆွဲခြင်း**



ဥပမာ- မျက်ခုံး၊ ရေလှိုင်းစသည်တို့ ရေးဆွဲခြင်း

**(ဂ) ပုံပန်းသဏ္ဌာန်များ ရေးဆွဲခြင်း**





ဥပမာ- ပန်းသီးပုံရေးဆွဲမည်ဆိုပါက တြိဂံကို အခြေခံယူ၍ အသုံးပြုခြင်း

**(ဃ) ပုံဆွဲခဲတံရွေးချယ်ခြင်းနှင့် အသုံးပြုခြင်း**

အုန်းခွက်ပေါ်တွင် ရေးဆွဲရန်အကောင်းဆုံးခဲတံမှာ6B၊ 5B နံပါတ်ဖြစ်ပြီး စာရွက်ပေါ်တွင်ရေးဆွဲပါက 2B၊ 3B နံပါတ်ဖြစ်ပါသည်။ ရေးဆွဲရာတွင် ခဲတံကိုင်သော လက်ထိပ်နှင့် ခဲသား၏အကွာအဝေးသည် မိမိ၏ လက်ချောင်း (၃)ချောင်း (လက်သုံးလုံးခန့်) အကွာတွင် ကိုင်တွယ်ရမည်။ မျဉ်း

ရှည်ဆွဲပါ က လက်ကိုင်ကို ခဲတံနှင့် ခပ်ခွာခွာကိုင်၍ ဆွဲရမည်ဖြစ်ပြီး မျဉ်းကြောင်း အဆုံးထိပ်သည် ခဲတံနှင့် ၉၀ ဒီဂရီ ဒေါင့်မှန်ကျနေရမည်ဖြစ်ပါသည်။ ပုံကြမ်းရေးဆွဲရာတွင် မိမိပြုလုပ်ရေးဆွဲမည့် ဝတ္ထုပစ္စည်း၏ မူလရုပ်သဏ္ဍာန်ကို ပထမဦးစွာ သေချာကြည့်၍ လေ့လာရပါမည်။ ထိုအခါ ပစ္စည်းသည် မည်သည့်မျဉ်းများဖြင့် ဖွဲ့စည်းထားကြောင်း တွေ့ရှိရပါသည်။ သေချာစွာကြည့်ရှုပြီးပါက မိမိကိုင်ထားသော ခဲတံကို အသုံးပြု၍ ပစ္စည်း (ဟန်ပြပုံ) အား မျက်လုံးတစ်ဖက်မှိတ်၍ ခဲတံဖြင့် တင်ကြည့်ကာတွေ့ရှိရသော အကွာအဝေးအား စာရွက်ပေါ်တွင် Plot ချမှတ်ရမည်ဖြစ်ပါသည်။ ဤနည်းဖြင့် မိမိရေးဆွဲလိုသောပုံများအား ဟန်ပြပုံကြည့်၍ ရေးဆွဲသွားနိုင်မည်ဖြစ်သည်ကို သင်ကြားခဲ့ပါသည်။

## ၁၂။ အုန်းသီးလက်မှုပစ္စည်းကုန်ချောထုတ်လုပ်မှု လက်တွေ့ပို့ချခြင်း


သင်တန်းသား (၂၁) ဦးအား အုပ်စု (၄) စုခွဲ၍ အောက်ဖော်ပြပါ အုန်းသီးလက်မှုပစ္စည်းများကို သင်ထောက်ကူပစ္စည်းများဖြင့်လက်တွေ့ပို့ချခဲ့ပါသည်-

### (က) အုန်းပင်ပုံစံငယ်ပြုလုပ်ခြင်း


အုန်းပင်ပုံစံငယ်ပြုလုပ်ရာတွင် အောက်ခံအထိုင်၊ ပင်စည်၊ အုန်းလက်များနှင့် အုန်းသီးခိုင်များ ပြုလုပ်ခြင်းတို့ပါဝင်ပါသည်။

### (က-၁) အောက်ခံအထိုင်ပြုလုပ်ခြင်း

အုန်းပင်ပုံစံငယ်အား စားပွဲပေါ်တွင် အခြေငြိမ်စွာတည်ထားနိုင်ရန် အုန်းမှုတ်အဆံအား အလယ်မှ သံဖြတ်လွှကို အသုံးပြု၍ တစ်ခြမ်းခြမ်းရပါမည်။ ခြမ်းပြီး အုန်းမှုတ်ခွက်အား မှောက်၍ ပင်စည်တပ်ဆင်ရန် 15 mm ခန့် အပေါက်ဖောက်ရပါမည်။



Cutting




အောက်ခံအထိုင်ခွက်

### (က-၂) ပင်စည်ပြုလုပ်ခြင်း

အုန်းပင် ပင်စည်ရရှိရန်အတွက် အုန်းသီးကြွက်မြီး (၃)၊ (၄) ခု စီအား 502 အမျိုးအစားကော်ဖြင့် ကပ်ရပါမည်။ ကော်ကပ်ရာတွင် ပိုမိုခိုင်မြဲစေရန်

လွှဖြတ်စဉ်က ထွက်ရှိလာသော အုန်းအမှုန့်များ ဖြူးပေးရပါမည်။ ၎င်းနောက် ပင်စည်အား အောက်ခံအထိုင်ခွက်တွင် ကော်ဖြင့်ကပ်၍ တပ်ဆင်ရပါမည်။




အုန်းပင်ပင်စည်



သင်တန်းသားများ အုန်းပင် ပင်စည်ပြုလုပ်နေပုံ

**(က-၃) အုန်းလက်များပြုလုပ်ခြင်း**

အုန်းသီးဆံတစ်လုံးတွင် ဒေါင်လိုက်အစင်းရာ (၃) ကြောင်းပါရှိရာ ၎င်းအစဉ်းရာများအတိုင်း သံဖြတ်လွှနံပါတ် (၁၈) ကို အသုံးပြု၍ အုန်းဆံအား (၃) ခြမ်းစိတ်ပါ။ပြီးနောက် တစ်ခြမ်းစီကို အလယ်မှထပ်၍စိတ်ပါ။ အုန်းခြမ်းစိတ်လေးများအား အမွေးအမှင်များ ပြောင်ချောသွားစေရန် Grinder ဖြင့် ပွတ်တိုက်ပါ။ Grinder စားပြီး အုန်းခြမ်းများပေါ်တွင် သံဖြတ်လွှဖြင့်ပွတ်တိုက်၍ အုန်းလက် ပုံသဏ္ဌာန်ဖော်ပါ။ ထိုနောက် ရရှိသော အုန်းလက်ပုံ အုန်းခြမ်းစိတ်ငယ်များအား ပထမအလွှာ၊ ဒုတိယအလွှာစသည်ဖြင့် ပင်စည်ထိပ်ဖျားတွင် ဝေဝေဆာဆာဖြစ်အောင် ကော်ဖြင့်ကပ်ရပါသည်။




အုန်းလက်ပြုလုပ်ပုံအဆင့်






သင်တန်းသားများ အုန်းလက်ပြုလုပ်နေပုံ



အောက်ခံအထိုင်၊ ပင်စည်နှင့်အုန်းလက်များချိတ်ဆက်ထားပုံ

## (က-၄) အုန်းခိုင်ငယ်များပြုလုပ်ခြင်း


အုန်းသီးကြွက်မြီးအား (3.0mm) ခန့်ဖြတ်တောက်ပြီး ထိပ်ဖြားများအား (၃)ခုခန့် ကြာပန်းခိုင်ကဲ့သို့ခွဲပါ။ ဝါးတူအား (5.0 mm) အပိုင်းငယ်လေးများထစ်၍ အပိုင်းပိုင်းဖြတ်ကာ အုန်းသီးငယ်လေးများအဖြစ်ပုံဖော်ပါ။ ထို့နောက် အုန်းသီးလေးများအား ကြွက်မြီးဖြင့်ပြုလုပ်ထားသော အုန်းခိုင်တွင်ကော်ဖြင့်ကပ်ပါ။ ရရှိလာသော အုန်းခိုင်များအား အုန်းလက်များကြားတွင်ကော်ကပ်၍တပ်ဆင်ပါ။နောက်ဆုံးတွင် သဘာဝကျလှပသော အုန်းပင်ပုံစံငယ်ကိုရရှိလာမည် ဖြစ်ပါသည်။



ဝါးတူဖြင့်ပြုလုပ်သော အုန်းသီးငယ်

ကြွက်မြီးဖြင့်ပြုလုပ်သော အုန်းခိုင်

အုန်းသီးခိုင်



အုန်းသီးဖြင့်ပြုလုပ်သောလက်မှုပစ္စည်းအုန်းပင်ပုံ




သင်တန်းသားများပြုလုပ်ခဲ့သော လက်မှုပစ္စည်းအုန်းပင်ပုံ

## (ခ) ဖီးကွက်ရုပ်ပုံပစ္စည်းထည့်ခွက် (ဘောလ်ပင်၊ ခဲတံထည့်ခွက်) ပြုလုပ်ခြင်း

ဖီးကွက်ရုပ်ပုံပစ္စည်းထည့်ခွက်ပြုလုပ်ခြင်းတွင် အရွယ်အစားမတူညီသော အုန်းသီး အကြီး၊ အသေးနှစ်လုံးအသုံးပြုရပါသည်။ ပြုလုပ်မှုအပိုင်းတွင် ခန္ဓာကိုယ်၊ ဦးခေါင်း၊ အမြီး၊ နှုတ်သီးနှင့် ခြေထောက်ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ရပါသည်။

### (ခ-၁) ခန္ဓာကိုယ်ပိုင်းပြုလုပ်ခြင်း


အုန်းမှုတ်ဆံနှစ်ခုတွင် အရွယ်အစားကြီးသော အုန်းမှုတ်ဆံအား ဒေါင်လိုက် (၃) ပုံ (၂) ပုံ နေရာမှ ဖြတ်တောက်ပါ။ ပြီးပါက အတောင်ပံ(၂) ခု နေရာ Marking ပြုလုပ်ပါ။ ဘယ်၊ ညာတောင်ပံရှိ ငှက်အမွေးပုံများအား ခဲသားဖြင့် Design ပုံဖော်ပါ။ ၎င်းနောက် သံဖြတ်လွှဖြင့် ပွတ်တိုက်၍ အတောင်ပံပုံဖြစ်အောင်ဆောင်ရွက်ပါ။



ဖီးကွက် ကိုယ်ထည်ပြုလုပ်ခြင်း

### (ခ-၂) ဦးခေါင်းပိုင်းပြုလုပ်ခြင်း

ခန္ဓာကိုယ်ပိုင်းပြုလုပ်သည့် အုန်းမှုတ်ဆံထက်အရွယ်အစားအနည်းအငယ် သေးသော အုန်းမှုတ်ဆံအား ဒေါင်လိုက်အနေအထား အပေါ်နှင့်အောက် ဖြတ်တောက်ပါ။ မျက်လုံး(၂) လုံးနှင့် နားရွက်(၂) ဖက်တို့အား ကွန်ပါချွန်ဖြင့် Marking ပြုလုပ်ပါ။ ပြီးနောက် Grinder ကို အသုံးပြု၍ မျက်လုံးနှင့်နားရွက်တို့ကို ပုံဖော်ပါ။ ထို့နောက် ဗိုလ်ချုပ်ဈေးမှ ဝယ်ယူရရှိနိုင်သည့် မျက်လုံးအား ကော်ဖြင့်ကပ်၍တပ်ဆင်ပါ။




ဖီးကွက်ဦးခေါင်းပိုင်းပြုလုပ်ခြင်း


သင်တန်းသားများ ဇီးကွက်ဦးခေါင်းပိုင်း ပြုလုပ်နေပုံ

### (ခ-၃) အမြီး၊ နှုတ်သီးနှင့် ခြေထောက်များပြုလုပ်ခြင်း


ခန္ဓာကိုယ်ပိုင်းပြုလုပ်စဉ်က ထွက်ရှိလာသော အုန်းခြမ်းအလေအလွင့် အပိုင်းအစများဖြင့်အမြီးနှင့်နှုတ်သီးကို အောက်ဖော်ပြပါပုံအတိုင်း Design ရေးဆွဲ၍ လွှဖြင့်ဖြတ်တောက် ပြုလုပ်နိုင်ပါသည်။ ခြေထောက်ကိုမူ ကြွက်မြီးအားပိုင်း ဖြတ်၍ ပြုလုပ်ရပါမည်။ ထိုနောက် ခန္ဓာကိုယ်၊ ဦးခေါင်း၊ နှုတ်သီး၊ အမြီးနှင့် ခြေထောက်တို့ကို နေရာအလိုက် ကော်ကပ်တပ်ဆင်လိုက်သောအခါ လက်ရာမြောက်လှသော ဇီးကွက်ရုပ်ပုံပစ္စည်း ထည့်ခွက်ကိုရရှိလာမည် ဖြစ်ပါသည်။




အမြီး




နှုတ်သီး



ခြေထောက်



အုန်းသီးဖြင့်ပြုလုပ်သောဇီးကွက်ရုပ်ပုံပစ္စည်းထည့်ခွက်






ဇီးကွက်ရုပ်ပုံပစ္စည်းထည့်ခွက်ပြုလုပ်ခြင်းသင်ကြားနေပုံ

## (၈) ကြာပန်းပုံမီးခွက်ပြုလုပ်ခြင်း

ကြာပန်းပုံမီးခွက်ပြုလုပ်ခြင်းတွင် ကြာပန်းအလယ်ရှိ ကြာဖူးပြုလုပ်ရန် အရွယ်အစားသေးငယ်ပြီး လုံးချွန်သော အုန်းသီးလိုအပ်ပါသည်။ ပြုလုပ်ပုံအဆင့်များတွင် မီးလုံးအထိုင်ပြုလုပ်ခြင်း၊ ပွင့်ဖတ်များ ပြုလုပ်ခြင်း၊ အလင်းရောင်ဖြာထွက်နိုင်ရန် အပေါက်များ ဖောက်ခြင်းနှင့်မီးလုံးတပ် ဆင်ခြင်းတို့ပါဝင်ပါသည်။

### (၈-၁) ကြာဖူးပုံ အုန်းသီးမှုတ်ဆံတွင် မီးလုံးအထိုင်ပြုလုပ်ခြင်း

အရွယ်အစားသေးငယ်ပြီး ရှည်မျှောလုံးချွန်သော အုန်းမှုတ်ဆံ ထိပ်ဝတွင် မီးလုံးအထိုင် တပ်ဆင်ရန် (30mm) အကျယ်ခန့်ဖောက်ပါ။ ထို့နောက် အပေါက်တွင်KeyLine (၂)ခုအား (5mm) ခန့်စီ ထွင်းပါ။အုန်းဆံ၏အခြား ထိပ်ပိုင်းအားကြာဖူးပုံရရှိရန် Marking ပေးပြီးလွှဖြင့် လှီးဖြတ်ပုံဖော်ပါ။ အလင်းရောင်အတွက် အပေါက်ဖောက်ပါ။



### (၈-၂) ပွင့်ဖတ်များပြုလုပ်ခြင်း


ပွင့်ဖတ်များပြုလုပ်ရာတွင် အုန်းလက်များပြုလုပ်ပုံကဲ့သို့ ပြုလုပ်ခြင်းဖြစ်ပြီး ပိုမိုပါးလွှာစေရန် Grinder ဖြင့်ပွတ်စားပေးရပါသည်။ ပွင့်ဖတ်များအား အလွှာအလိုက် (၂) ထပ်၊ (၃) ထပ်ကပ်ရသည်ဖြစ်ရာကပ်မည့် နေရာများအတွက် အလယ်အုန်းမှတ်ဆံအထိုင်ပေါ်တွင် Marking ပြုလုပ်ရပါသည်။ အလင်းရောင်ဖြာထွက်နိုင်ရန် မတူညီသော Direction များတွင် အပေါက်ဖောက်ပေးရပါမည်။ ထို့နောက်ကော်ဖြင့် ပွင့်ဖတ်များကို ပုံဖော်၍ကပ်ရမည်ဖြစ်ပါသည်။




ကြာပန်းပွင့်ဖတ်များ ဖြတ်တောက်ခြင်းနှင့် ကော်ကပ်၍ ပန်းပွင့်ပုံဖော်ခြင်း

### (၈-၃) မီးလုံးတပ်ဆင်ခြင်း

မီးခွက်အတွင်း လျှပ်စစ်အလင်းရောင်တပ်ဆင်ရန်အတွက် 7 W၊220 V မီးလုံးအား အထိုင်နှင့် Wiring ပြုလုပ်ပါ။မီးခွက်ပေါ်တွင် ပုံဖော်ဖောက်ထားသော အလင်းပေါက်များ၏ Design အတိုင်းအလင်းရောင်များ ဖြာထွက်လာမည်ဖြစ်ပါသည်။



ကြာပန်းပုံမီးခွက်


သင်တန်းသားများပြုလုပ်သော ကြာပန်းပုံ မီးအိမ်

## (ဃ) အုန်းသီးမီးဆိုင်းပြုလုပ်ခြင်း

အုန်းသီးမီးဆိုင်းအား ဘုရားခန်းတွင် မီးပူဇော်ခြင်း၊ စားသောက်ဆိုင်၊ ဟိုတယ်၊ ဧည့်ခန်းနှင့် အိပ်ခန်းများတွင် အလှဆင်ခြင်းတို့ပြုလုပ်နိုင်ပြီး တင့်တယ်လှပစေပါသည်။ အုန်းသီးမီးဆိုင်းပြုလုပ်မှုအဆင့်ဆင့်တွင် အုန်းသီး၌ မီးလုံးအထိုင်ပြုလုပ်ခြင်း၊ အလင်းပေါက်ဒီဇိုင်းရေးဆွဲဖောက် လုပ်ခြင်း၊ Wiring ပြုလုပ်ခြင်းတို့ပါဝင်ပါသည်။

### (ဃ-၁) မီးလုံးအထိုင်ပြုလုပ်ခြင်း


အုန်းသီးမီးဆိုင်းပြုလုပ်ရန် အရွယ်ညီသော အုန်းမှုတ်အဆံ (၄) လုံး(သို့) (၅) လုံးခန့်လိုအပ်ပါသည်။ အုန်းမှုတ်အဆံတွင်ကပ်နေသော အမွေးအမျှင်များအား Grinder ဖြင့် ပွတ်စားရပါမည်။ ပြီးနောက် မီးလုံးအထိုင်ပြုလုပ်ရန်ထိပ်ဝများတွင် (30mm) အပေါက်များဖောက်ရပါမည်။ မီးလုံး Fix ဖြစ်စွာတပ်ဆင်နိုင်ရန် Key Line ထွင်းပေးရမည်ဖြစ်ပါသည်။





မီးလုံးအထိုင်ပြုလုပ်ခြင်း

### (ဃ-၂) အလင်းပေါက်ဒီဇိုင်းရေးဆွဲဖောက်လုပ်ခြင်း

မီးအလင်းရောင်ဖြာထွက်ရန် မိမိစိတ်ကြိုက် Design ပုံအား ပြောင်ချော နေသော အုန်းဆံပေါ်တွင် Marking ပြုလုပ်ရပါသည်။ အုန်းမှုတ်အဆံ၏ ထက်၊ အောက်၊ ဘယ်၊ ညာတစ်လျောက်ညီညာစွာ Marking ပြုလုပ်နိုင် ရန် Former ပြားပြုလုပ်ထားရပါမည်။ Former ပြားအား Composite Fiber ဖြင့် ပြုလုပ်နိုင်ပြီး အချင်း100 mm (8 Sector, 6 Sector, 4 Sector) မှ အချင်း 50 mm (6 Sector, 4 Sector) စသည့်ဖြင့် ပြုလုပ် ထားပါက အုန်းသီးအရွယ်အစား အကြီး၊ အသေးပေါ်မူတည်၍ အလင်း ပေါက် Marking ပြုလုပ်နိုင်မည်ဖြစ်ပါ သည်။ အလင်းပေါက် Design ပုံဖော်ရာတွင် စက်ဝိုင်းပုံ၊ စက်ကြာပုံစသည်ဖြင့် မိမိ Idea ရှိသလိုဆောင် ရွက်နိုင်ပါသည်။ ထို့နောက် Drilling Machine ကို အသုံးပြု၍ ϕ11 mm Drill Bit ဖြင့် Center  Point ကို စတင် ဖောက်ရပါမည်။ ပြီးလျှင်ကျန် အပေါက်များအား ϕ3.8 mm Drill Bit ဖြင့် Design တစ်လျောက် ပုံဖော်ဖောက်လုပ်ရပါမည်။ ဤနည်းအတိုင်း အုန်းမှုတ်အဆံ၏ မျက်နှာ ပြင်တစ်ခုလုံးကို ဖောက်လုပ်သွားရမည်ဖြစ်ပါသည်။





Former Composite ပြား
(8 Sector)





Former Composite ပြား
(6 Sector)


Former Composite ပြား Design ပုံများ



စက်ကြာပုံအလင်းပေါက်



စက်ဝိုင်းပုံအလင်းပေါက်












အုန်းသီးမီးဆိုင်းလက်တွေ့ပြုလုပ်ပုံအဆင့်ဆင့်

### (ဃ-၃) Wiring ပြုလုပ်ခြင်း

အလင်းရောင်ဖြာထွက်ရန် မိမိစိတ်တိုင်းကျ Design ဖြင့် အုန်းမှုတ်ဆံ မျက်နှာပြင်ပေါ်တွင် အပေါက်များဖောက်ပြီးပါက မီးလုံး (7 W၊ 220 V) များ တပ်ဆင်၍ အုန်းမှုတ်ဆံ (၄)၊ (၅) ခုအား Series ချိတ်ဆက်၍ မီးဆိုင်းအဖြစ် ဖန်တီးပြုလုပ်နိုင်ပါသည်။





Wiring Diagram







သင်တန်းသားများပြုလုပ်ခဲ့သော အုန်းသီးမီးဆိုင်းများအား ကြည့်ရှုခြင်း




အုန်းသီးမီးဆိုင်းပုံ

## ၁၃။ ကုန်ချောပစ္စည်းများအား အရောင်တင်ခြင်း

ထုတ်လုပ်ပြီး ကုန်ချောပစ္စည်းများအား အရောင်အသွေး စိုပြေတောက်ပြောင်စေရန် အရောင်တင်ရပါသည်။ ပထမဦးစွာ အုန်းသီးထုတ်ကုန်အား ခြောက်သွေ့အောင်နေရောင်ဖြင့်ခေတ္တ လှမ်းရပါသည်။ ထို့နောက်အရောင်တင်လိုက်ကာ G-5000 အမျိုးအစားကို စုပ်တံဖြင့် အသုံးပြု၍ ပစ္စည်းများအား အရောင်တင်ပေးရပါသည်။ ပထမအကြိမ် အရောင်တင်ပြီး ၄၅ မိနစ်ခန့် အကြာတွင် ဒုတိယအကြိမ် ထပ်မံ၍ Coating အဖြစ်အရောင်တင်သော အခါ မူလအုန်းသီး၏ အရောင်အသွေး လည်းမပျောက်သော တောက်ပသော အုန်းသီးလက်မှုထုတ်ကုန်ပစ္စည်းများကို ရရှိလာမည်ဖြစ်ပါသည်။ အရောင်ကာလာများဖြင့်လည်း မိမိစိတ်ကူးရှိသကဲ့သို့ ဆေးမှုတ်နိုင်ပါသည်။





ပြုလုပ်ပြီးကုန်ချောလက်မှုပစ္စည်းများအား အရောင်တင်နေပုံ







သင်တန်းသားများပြုလုပ်ခဲ့သော အုန်းသီးမှ တန်ဖိုးမြှင့် လက်မှုနည်းပညာပစ္စည်းများ

၁၄။ **ဈေးကွက်အလားအလာ**

ဈေးကွက်ကို စဉ်းစားရာတွင် မိမိထုတ်ကုန်ပစ္စည်းအမျိုးအစားနှင့် ၎င်းတို့အသုံးပြုသည့် Customer အခြေအနေများကို လေ့လာသုံးသပ်ရန်လိုအပ်ပါသည်။ အုန်းသီးလက်မှုနည်းပညာလူသုံးကုန်ပစ္စည်းထုတ်လုပ်မှုတွင် ပြည်တွင်းဈေးကွက်နှင့် ပြည်ပဈေးကွက်ဟူ၍ ဈေးကွက် (၂) မျိုးရှိပါသည်။ ပြည်တွင်းဈေးကွက်တွင် ဘုရားအိုးများ၊ သာသနိက အဆောက်အအုံများ၊ ဟိုတယ်များ၊ စားသောက်ဆိုင်များ၊ ဧည့်ခန်းအလှတင်ပစ္စည်းများစသည့်ဖြင့် အသုံးပြုလျက်ရှိပြီး ပြည်ပဈေးကွက်တွင် အရှေ့တိုင်းနှင့်အနောက်တိုင်းတို့၏ အယူအဆ အကြိုက်များအပေါ် မူတည်၍ လက်မှုပစ္စည်း ရောင်းချနိုင်ပါသည်။ ထို့အပြင် လူတို့၏ အသက်အရွယ်အလိုက် လူကြီး၊ ခလေး၊ အမျိုးသား၊ အမျိုးသမီးစသည့်ဖြင့် အသုံးပြုမှုများ၊ ကာလနှင့်နေရာဒေသတို့ကို လိုက်၍ တန်ဖိုးမြင့်နှင့် တန်ဖိုးနိမ့် ပစ္စည်းများထုတ်လုပ်၍ တွဲဖက်ရောင်းချနိုင်ပါသည်။

## သုံးသပ်တင်ပြချက်

၁၅။ မြန်မာနိုင်ငံတွင် အုန်းသီးအများအပြားထွက်ရှိလျက်ရှိရာ အုန်းပင်၊ အုန်းသီးမှ တန်ဖိုးမြင့်လူသုံးကုန်လက်မှုပစ္စည်းများ၊ စားသောက်ကုန်များ၊ Cosmetic များ၊ စိုက်ပျိုးရေးသုံး မြေသြဇာများနှင့် အဆောက်အဦသုံး အခင်း၊ အကာ Ply Wood များကို နည်းပညာများ အသုံးပြု၍ ထုတ်လုပ်နိုင်သည်ကို ပြည်သူအနည်းစုသာသိရှိနေသည်ကိုတွေ့ရှိရပါသည်။ ဒေသအတော်များများတွင် အုန်းသီးအား အလုံးလိုက် Export တင်ပို့ခြင်း၊ မိရိုးဖလာမုန့်လုပ်ငန်းများတွင် အသုံးပြုခြင်း၊ အုန်းဆံကြိုးကျစ်ခြင်းနှင့် အုန်းဆီချက်လုပ်ခြင်းတို့ သာဆောင်ရွက်လျက်ရှိပြီး ကုန်ကြမ်းအဆင့်သာ ထုတ်လုပ်ရောင်းချလျက်ရှိသည်ကို တွေ့ရှိရပါသည်။

၁၆။ ယခုကဲ့သို့ စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ အုန်းသီးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းတို့ပူးပေါင်းဆောင်ရွက်မှုဖြင့် ပြည်နယ်နှင့်တိုင်းဒေသကြီးများရှိ အုန်းသီးအခြေပြု SME လုပ်ငန်းရှင်များနှင့် SME Branches များမှ ဝန်ထမ်းများအား အုန်းသီးမှ တန်ဖိုးမြှင့်လက်မှုနည်းပညာ လူသုံးကုန်ပစ္စည်းထုတ်လုပ်မှု သင်တန်းဖွင့်လှစ်ပို့ချခဲ့မှုမှသည် ဆင့်ပွားသင်တန်းများ ထပ်မံပို့ချခြင်းဖြင့် မြန်မာနိုင်ငံ၏ အုန်းသီး Supply Chain ကဏ္ဍပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး ကျေးလက်နေပြည်သူများအား ဝင်ငွေတိုးတက်သော၊ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးသော၊ လူမှုစီးပွားဘဝမြင့်မားလာစေသောဆောင်ရွက်မှုတစ်ခုဖြစ်ပါသည်။

**နိဂုံး**

၁၇။ အနုန်းသီး SME လုပ်ငန်းငယ်များ၏ ပြောင်းလဲတိုးတက်လာသော ဈေးကွက်စီးပွားရေးနှင့်အညီ အုန်းသီးထုတ်ကုန်ပစ္စည်းများအား ဈေးကွက်ဝင်အရည်အသွေးမြင့် ထုတ်လုပ်နိုင်ရန်၊ ဈေးကွက်လိုအပ်ချက်ပြည့်မီရန်၊ အရေအတွက်များများ ထုတ်လုပ်နိုင်ရန်၊ ပြည်တွင်းသာမက ပြည်ပဈေးကွက်ပါရရှိစေရန်၊ သုံးစွဲသူလိုအပ်ချက်ကို နားလည်ပြီး၊ တီထွင်ဖန်တီးမှုဖြင့် ထုတ်ကုန်သစ်များ ထုတ်လုပ်နိုင်ရန်အတွက် Coconut Development အဖွဲ့များသည် ပြည်ပအဖွဲ့အစည်းများ၊ သက်ဆိုင်ရာတိုင်းဒေသကြီးများမှ အစိုးရအဖွဲ့များနှင့် ချိတ်ဆက်၍ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထို့အပြင် သင်တန်းတက်ရောက်ခဲ့သော ပြည်နယ်နှင့်တိုင်းဒေသကြီး SME Branches များမှ ဝန်ထမ်း (၁၁) ဦးတို့သည် လုပ်ငန်းရှင်များ၏ နည်းပညာလိုအပ်မှု၊ တောင်းခံမှုများနှင့်အညီ ဆင့်ပွားသင်တန်းများ ပို့ချသွားမည်ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံတွင် အမြောက်အမြားထွက် ရှိနေသော အုန်းသီးကုန်ကြမ်းများမှတဆင့် အုန်းသီးအခြေခံလုပ်ငန်း၊ တစ်ဆင့်မြင့်လုပ်ငန်းပုံစံများဖြစ်စေရန်၊ စိုက်ပျိုးထုတ်လုပ်မှုစဉ်ဆက်မပြတ်တိုးမြင့်၍ Coconut Development အဖွဲ့၏ဝန်ဆောင်မှု အရည်အသွေးများမြင့်မားအောင် ဆောင်ရွက်ခြင်း၊ အုန်းသီး SME လုပ်ငန်းငယ်များဖွံ့ဖြိုးမှုမှတဆင့် ကျေးလက်နေပြည်သူများ အလုပ်အကိုင်ရရှိခြင်း၊ နိုင်ငံခြားဝင်ငွေရရှိခြင်းနှင့် Community အတွင်း Socio-economy ဖွံ့ဖြိုးခြင်း တို့ကိုပါ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း အစီရင်ခံတင်ပြ အပ်ပါသည်။

ဒေါက်တာအိရွှေစင်ထွန်း
ညွှန်ကြားရေးမှူး
နည်းပညာနှင့်ဈေးကွက်မြှင့်တင်ရေးဌာန

**မာတိကာ**


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၁ |
| ၂။ | ရည်ရွယ်ချက် | ၁ မှ ၂ |
| ၃။ | နည်းပညာသင်တန်းဖွင့်လှစ်ပို့ချခြင်း | ၂ မှ ၅ |
| ၄။ | သင်ကြားပို့ချမှုအကြောင်းအရာများ | ၅ မှ ၂၁ |
| ၅။ | သုံးသပ်တင်ပြချက် | ၂၂ |
| ၆။ | နိဂုံး | ၂၃ |

နောက်ဆက်တွဲ(က) သင်တန်းသားများမှ လက်တွေ့ပြုလုပ်ခဲ့သော အုန်းသီးလက်မှု ပစ္စည်းစာရင်း

နောက်ဆက်တွဲ(ခ) အုန်းသီးမှ လက်မှုနည်းပညာလူသုံးကုန်ပစ္စည်း ထုတ်လုပ်ရာတွင် အသုံးပြုသော စက်ပစ္စည်းကိရိယာစာရင်း

နောက်ဆက်တွဲ(ဂ) မြန်မာနိုင်ငံအုန်းသီးစိုက်ပျိုး ထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်းမှထုတ်လုပ်ထားသော အုန်းသီးလက်မှု နည်းပညာလူသုံးကုန်ပစ္စည်းများ

နောက်ဆက်တွဲ(ဃ) အုန်းသီးမှ လက်မှုနည်းပညာလူသုံးကုန်ပစ္စည်း ထုတ်လုပ်သည့် သင်တန်းသို့ တက်ရောက်သော သင်တန်းသားများစာရင်း

နောက်ဆက်တွဲ(င) သင်တန်းမှတ်တမ်းဓာတ်ပုံနှင့် Video များ

# စက်မှုဝန်ကြီးဌာန

## စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန

## (နည်းပညာနှင့်ဈေးကွက်မြှင့်တင်ရေးဌာန)


# အုန်းသီးမှ တန်ဖိုးမြှင့်လက်မှုနည်းပညာ လူသုံးကုန်ပစ္စည်း ထုတ်လုပ်သည့် သင်တန်းပို့ချခဲ့ခြင်း အစီရင်ခံစာ

၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်